# အကြွေး

## မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်



## အကြွေးဆိုတာဘာလဲ?

သင်ငွေချေးရသည့်အခါ၊ သို့မဟုတ် မပေးချေရသေးသော ငွေတောင်းစာများရှိသည့်အခါ၊ အကြွေးကိုဖြစ်ပေါ်စေသည်။

## ကျွန်ုပ်ဘယ်လို အကြွေးတင်လာတာလဲ?

ငွေချေးသူတစ်ဦး (ကြွေးမြီပေးသူ) ထံမှ ငွေချေးယူလျှင် သင်၌ အကြွေးတင်ရှိပါသည်။ ထိုငွေကို သင်သည် အတိုးစသဖြင့် အပိုစရိတ်များဖြင့် ပြန်ပေးရပါမည်။

ဝန်ဆောင်မှုများအပေါ် သင်မပေးချေရသေးသည်များလည်း အကြွေးများဖြစ်နိုင်ပါသည်။ ယင်းတို့မှာ လျှပ်စစ်ဓါတ်အား သုံးစွဲခ ငွေတောင်းစာ၊ တယ်လီဖုန်းသုံးစွဲခငွေတောင်းစာ သို့မဟုတ် အင်တာနက် အသုံးပြုခ ငွေတောင်းစာတို့ ဖြစ်နိုင်ပါသည်။

သင့် အကြွေးပေးရန် ပြဿနာများရှိနေလျှင် လုပ်နိုင်သည့် အရာများရှိပါသည်။

- တတ်နိုင်သည့်အခါတိုင်း ပေးနေခြင်း
- ပိုက်ဆံပေးရန်လိုသည့် နေရာကိုဆက်သွယ်ပြီး၊ သင့်တွင်ပေးဖို့ ပြဿနာများ ရှိနေကြောင်း ပြောပြခြင်း
- သင့်အကြွေးကို စီမံမှုပြုရန် အခမဲ့ ငွေကြေးဆိုင်ရာ အကြံပေးသူထံမှ အကူအညီယူခြင်း

## သတိပြုပါ –

- အကြွေးဆိုသည်မှာ ကိုယ်ကပေးရန် ရှိနေပြီး ပြန်ဆပ်ရန်လိုပါသည်။
- အကြွေးကို ပြန်မဆပ်လျှင်၊ သင့်တွင် ဥပဒေဆိုင်ရာ ပြဿနာများ ရှိလာနိုင်သည်။
- သင့် အကြွေးမဆပ်ပါက၊ သင့်အနေနှင့် ပိုက်ဆံ ပိုမိုပေးရနိုင်ချေ ရှိပါသည်။

## အကူအညီနှင့် အချက်အလက် နောက်ထပ်ရနိုင်သည့်နေရာများ –

သင့်တွင် ငွေရေးကြေးရေး ပြဿနာများရှိလျှင်၊ အခမဲ့ငွေကြေးဆိုင်ရာအကြံပေးသူကို ၁၈၀၀ ၀၀၇ ၀၀၇ တွင်ဆက်သွယ်ပါ။

ငွေကြေးဆိုင်ရာအကြံပေးသူများနှင့် သင့် အကြွေးစီမံမှုအကြောင်း ပိုမိုသိလိုပါက၊ MoneySmart ဝက်ဗ်ဆိုက် **www.moneysmart.gov.au** သို့မဟုတ်၁၃၀၀ ၃၀၀ ၆၃၀ ကိုဆက်ပါ။

## ကြွေးမြီကဒ် အကြွေးများအားလုံးကို လူးဝစ်ပေးချေပါသည်။

လူးဝစ်သည် ရပ်ကွက်ဈေးတွင် သူ ပန်းချီများရောင်းချရန် လုပ်ငန်းငယ်လေး တစ်ခုထူထောင်ပါသည်။ လုပ်ငန်းစရန် သူ့အနေနှင့် ဆေးများ၊ ပန်းချီဆွဲစုတ်တံများနှင့် အခြားပစ္စည်းများ လိုအပ်သည်။

လူးဝစ်မှာ စုထားငွေမရှိသည့်အတွက် ဝယ်စရာအားလုံးကို ဝယ်ရာ၌ သူ၏ ကြွေးမြီကဒ်အား သုံးပါသည်။ သူ့ ကြွေးမြီ ကဒ် မှ ဒေါ်လာ ၁၂၀၀ အကြွေးယူပါသည်။ သူထင်သည်မှာ သူ့ပန်းချီအားလုံးကို ရောင်းချနိုင်မည် ဖြစ်၍ သူ၏ ကြွေးမြီကဒ်ပြားကို ငွေချေနိုင်ပြီး သူ့တွင် ငွေအပိုအလျှံပင်ရှိမည်ဟု တွက်ထားသည်။

ဈေးကွက်တွင် သူ့ပန်းချီကားအချို့ကိုသာ လူးဝစ်ရောင်းနိုင်သည်။ ဒေါ်လာ ၇၂၀ သာရသည်။ သူ ကြွေးမြီကဒ် အကြွေးအားလုံးကို ဒါလောက်နှင့်မချေနိုင်ကြောင်း လူးဝစ်သဘောပေါက်ပါသည်။ ဈေးကွက်မှာသူရောင်းရထားသော ငွေအချို့ဖြင့် ထပ်မံဆေးဝယ်ရန်လည်းလိုနေပါသည်။ ဘာလုပ်ရမှန်းလူးဝစ် မသိတော့ပါ ။

ထိုညနေပိုင်း၌ လူးဝစ်၏မိတ်ဆွေ ရီဝန်လာလည်ပါသည်။ ရီဝန်က လူးဝစ်၏ ဈေးကွက်အခြေအနေကိုမေးပါသည်။ လူးဝစ်ကသူ့ ကြွေးမြီကဒ်အပေါ်ဆပ်ရမှာ အားလုံးအတွက် သူဝင်ငွေမရှိခဲ့ကြောင်း ရှင်းပြသည်။

ရီဝန်က အကြွေးကိုစီမံဆောင်ရွက်ဖို့ အကောင်းဆုံးနည်းလမ်းမှာ ရသုံးမှန်းခြေစာရင်းဆွဲရန်ဖြစ်ကြောင်း လူးဝစ်ကို ပြောပါသည်။ ယင်းသို့လုပ်ခြင်းဖြင့် လူးဝစ်တွင် ဘယ်လောက် အကြွေးရှိပြီး ဘယ်လောက်ပေးဆပ်မည်ကို သိလာမည်ဟု ရီဝန်က ပြောပြသည်။ ထိုအခါ လူးဝစ်သည် အကြွေးကျေသည်အထိ ဘယ်လောက်ကြာကြာပေးရမည်ကို သိလိမ့်မည်ဖြစ်သည်။

လူးဝစ်ဈေးမှ ဝင်ငွေကို ရီဝန်က ရေးချပါသည်။ ပြီးတော့ ရီဝန်က လူးဝစ်လိုအပ်မည့် ဆေး၊ စုတ်တံ၊ ဈေးခန်းငှားခ နှင့် သူ၏ကြွေးမြီကဒ်အတွက် လစဉ်ပြန်ပေးရမည့် ငွေတို့အပါအဝင် ပေးစရာရှိသည်များကို ရေးချပါသည်။

ယခုအချိန်တွင် လူးဝစ်က နိုင်နိုင်နင်းနင်းဖြစ်နေပြီဟု ခံစားရသည်။ လစဉ် ကြွေးမြီကဒ်ထဲမှ အကြွေး ဘယ်လောက်ပေးရမည်ကို သူသိပါပြီ။ သုံးလကြာပြီးနောက် သူ့မှာ အကြွေးကင်းမည်ဖြစ်ကြောင်း လူးဝစ် တွက်ချက်သိလိုက်ပါသည်။

MONEYSMART

© ASIC 2012 all rights reserved

This page has been intentionally left blank.

© ASIC 2012 all rights reserved